# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## (၁၁)ရက်မြောက်နေ့အစီအစဉ်

## ၁၉-၆-၂၀၂၆ (သောကြာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ကသာခရိုင်အတွင်းရှိ ကသာမြို့နယ်၊ အင်းတော်မြို့နယ်နှင့် ထီးချိုင့်မြို့နယ်တို့တွင် နေရပ်စွန့်ခွာပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ ပြန်လည်ဝင်ရောက်နေပြီဖြစ်သဖြင့် ပြည်သူများပါဝင်သော လုံခြုံရေးနှင့်ကာကွယ်ရေး ဖြစ်ပေါ်လာစေရန်အတွက် ရပ်ကွက်နှင့်ကျေးရွာများတွင် ကာကွယ်ရေးနှင့်လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ယခင် ဒုတိယအကြိမ်တိုင်းဒေသကြီးအစိုးရအဖွဲ့ သက်တမ်းကာလ မြို့နယ်(၃၇)မြို့နယ်သို့ ချထားပေးသော မြေသယ်ယာဉ်၊ မြေကော်ယာဉ်နှင့် လမ်းကြိတ်စက်ယာဉ်များကို ယခုအခါ မည်သူမှ ထိန်းသိမ်းစောင့်ရှောက်ထားသည်၊ ငွေရမ်းခများမည်မျှ ရရှိကောက်ခံထားသည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဒေါ်ဆန်းစစ်ရှီး၊ လေရှီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''လေရှီးမြို့၊ အ.မ.ကမြို့မကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ခင်ဦးမြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ခုနှစ် ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားမည့် စာသင်ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများနှင့် အိမ်သုံးဆားအပါအဝင် မီးဖိုချောင်သုံးပစ္စည်းများကို အချိန်မီထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးကျော်လွင်ဦး၊ ကသာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ကသာမြို့နယ်တွင် (၅)နှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များအား အမျိုးသားတိုးချဲ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး၊ ကာကွယ်ဆေးများ ကသာမြို့သို့ အချိန်မီရောက်ရှိရေး၊ ဆေးအာနိသင်မပျက်အောင်ထိန်းသိမ်းရေး စသည့်လုပ်ငန်းစဉ်များအားမည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ကလေးမြို့နယ်၊ အထက(၆)ကျောင်းတွင်ရှိသော သက်တမ်းလွန်အန္တရာယ်ရှိ ကျောင်းဆောင်(၂)ဆောင်ဖြစ်သည့် တောင်ငူဆောင်နှင့် အင်းဝဆောင်(၂)ဆောင်တို့အား ဖျက်သိမ်းခွင့်ပြုကာ (150×30×23) (၂)ထပ် RCC ကျောင်းဆောင်ဟောခန်းအပါအဝင် ကျောင်းဆောင်(၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏**

(၁) ''ဖောင်းပြင်မြို့ရှိ ပင်သာ(အ.မ.က)ကျောင်းအား မူလတန်း(လွန်)ကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါကမည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(၂) ''ဖောင်းပြင်မြို့၊ အုန်းသာအုပ်စု ချောင်းခွကျေးရွာ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်းရှိ ပျက်စီးနေသော စာသင်ကျောင်း၏ အပေါ်ထပ်တွင် ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားရန် အန္တရာယ်ရှိပါသောကြောင့် ၎င်းကျောင်းဆောင်အား ပြန်လည်ပြုပြင် မွမ်းမံပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၃

(ဇ) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ဖောင်းပြင်မြို့နယ်တွင် မြို့နယ်ပြင်ပသို့ ဆန်စပါးတင်ပို့ခွင့် မပြုနိုင်ပါက အစိုးရအစီအစဉ်ဖြင့် တောင်သူများထံမှ ဒေသပေါက်ဈေးနှုန်းဖြင့်ဝယ်ယူပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဝယ်ယူပေးမည်၊ အစီအစဉ်

မရှိပါက တောင်သူများ၏ အခက်အခဲကို မည်သို့ဖြေရှင်းပေးမည်ကို သိရှိလိုပါကြောင်း''စပ်လျဉ်းသည့်မေးခွန်း။

(ည) **ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ဆည်မြောင်း ဦးစီးဌာနအနေဖြင့် မြစ်ရေဝင်ချောင်းများ တိမ်ကောရေစီးကြောင်း ပိတ်ဆို့နေမှုများအား တူးဖော်ပေးရန်နှင့် ချောင်းဦးမြို့နယ်ရှိ လယ်မြေဧက(၃၀၀၀၀)ကျော် စိုက်ပျိုးရေရရှိရေးအတွက် မုံရွာမြို့နယ် တောင်ပုံကျေးရွာနှင့် နဂါးတွင်းကျေးရွာရှိ ရေထိမ်းတံခါးများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၆။ လွှတ်တော်ဥက္ကဋ္ဌမှ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။

၇။ လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း။

၈။ လွှတ်တော်ဥက္ကဋ္ဌမှ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း တောင်းခံခြင်း။

၉။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။